CENTRAL COMMITTEE

**KACHIN INDEPENDENCE ORGANIZATION**

# ထုတ်ပြန်ကြေညာချက်

၁။ KIO ဗဟိုကော်မတီ သည် ပြည်တွင်းစစ်ပြဿနာကို တွေ့ဆုံဆွေးနွေးကာ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ နှင့် အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကျင်းပသော ဆွေးနွေးပွဲတွင် စစ်ရှိန်လျှော့ချရန် နှင့် ယုံကြည်မှုတည်ဆောက်ရန်အတွက် နှစ်ဘက်သဘောတူခဲ့ပါသည်။ နှစ်ဘက်အဖွဲ့အစည်းမှ ပါဝင်သော ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၂။ နိုင်ငံရေးဆွေးနွေးပွဲ ပေါ်ပေါက်လာရေးအတွက် တနိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရန် NCCT ၏ ကြိုးပမ်းဆောင်ရွက်မှုအားလုံးကိုလည်း KIO ဗဟိုကော်မတီ မှ ထောက်ခံပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

၃။ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းနေစဉ်အတွင်း မြန်မာ့တပ်မတော် စစ်ကြောင်း၊ တပ်ဖွဲ့များက KIA တပ်စခန်းများကို အကြောင်းမဲ့ပစ်ခတ်မှုများ၊ စခန်းသိမ်းတိုက်ပွဲများ၊ ခြုံခိုတိုက်ခိုက်မှုများ အစီအစဉ်ရှိရှိ တိုးမြင့်လုပ်ဆောင်လျက် ရှိနေပါသည်။

၄။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် KIA ဗိုလ်သင်တန်းကျောင်းသို့ KIO ဗဟိုဌာနချုပ်အနီးရှိ ခရာဘွမ် တောင်ကြောတလျှောက် တပ်စွဲထားသော မြန်မာ့တပ်မတော် တပ်စခန်းမှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဗိုလ်သင်တန်းကျောင်းမှ သင်တန်းသား (၂၃)ဦး ကျဆုံးကာ သင်တန်းသား နှင့် သင်တန်းနည်းပြ ပေါင်း(၂၀)ဦး ဒါဏ်ရာရရှိခဲ့ပါသည်။

၅။ နှစ်ဘက်ဖြစ်ပွားနေသော ပြဿနာများကို ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့မှ လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေး ဖြေရှင်းကာ စစ်ရှိန်လျှော့ချနိုင်ရန် ကြိုးပမ်းနေစဉ်ကာလအတွင်း နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာ့တပ်မတော် မှ လက်နက်ကြီးဖြင့် ဗိုလ်သင်တန်းကျောင်းသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို KIO ဗဟိုကော်မတီ မှ ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်ပါသည်။

၆။ ဖြစ်ပွားခဲ့သော ဖြစ်စဉ်သည် KIO ဗဟိုဌာနချုပ်အနီး ပတ်ဝန်းကျင်တွင် မြန်မာ့တပ်မတော် တပ်စခန်းများ အလွန်နီးကပ်စွာ တပ်စွဲထားကာ လက်နက်ကြီးများ ဖြန့်ကြက်ချထားပြီး မိမိတပ်စခန်းဘက်သို့ ရန်လိုသောသဘောဖြင့် ပစ်ခတ်ခြင်းဖြစ်သည်ဟု ယူဆရသည်။

၇။ သို့ဖြစ်ပါ၍ NCCT နှင့် UPWC တို့၏ Peace Process လုပ်ငန်းစဉ် ချောမွေ့စွာ အောင်မြင်နိုင်ရေးအတွက် KIO ဗဟိုဌာနချုပ် နှင့် နီးကပ်စွာ ဖြန့်ကြက်ထားသော ခရာဘွမ် တောင်ကြောတလျှောက်မှ လက်နက်ကြီးများ ဖယ်ရှားပေးရန်နှင့် ယင်းစစ်စခန်းများကိုလည်း ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်သည်။

ဗဟိုကော်မတီ

KIO

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်